Trading ပြုလုပ်ရာတွင် လိုအပ်မည့် အဆင့်များ (လုပ်ဆောင်ရမည့်အချက်များ)

- ✓ ပထမဦးစွာ customer များသည် နီးစပ်ရာ AYA Bank များသို့သွား၍ သော်လည်းကောင်း၊ ibanking နှင့် mobile banking သုံး၍သော်လည်းကောင်း၊ AYA Trust Account ထဲသို့ trade လုပ်ချင်သည့်ငွေပမာဏ ကို trade လုပ်မည့်အချိန်မတိုင်မီ (၁) နာရီအနည်းဆုံးကြိုတင်လွှဲပေးထားရမည်ဖြစ်ပါသည်။
- ✓ အရောင်းအဝယ်ပြုလုပ်မည့်နေ့ (Trade Day) တွင် Customer များမှ AYA Trust Securities Company သို့ ဖုန်းဆက်၍ ဖြစ်စေ၊ ကောင်တာသို့ တိုက်ရိုက်လာရောက်၍ ဖြစ်စေ၊ မိမိ၏ Online Trading Application အားဝင်ရောက်၍ ဖြစ်စေ အမှာ (Order) တင်ပေးရမည် ဖြစ်ပါသည်။
- ✓ အမှာ (Order) တင်ရာတွင် Customer များသည် AYA Trust မှ ပေးထားသော User ID ၊ ရှယ်ယာဝယ် (သို့) ရောင်း လိုသည့်ကုမ္ပဏီအမည်၊ ဝယ် (သို့) ရောင်း လိုသည့် ပမာဏ နှင့် ဈေးနှုန်းကို ဖော်ပြပြီး အမှာ တင်ရမည် ဖြစ်ပါသည်။
- ✓ အဝယ်အမှာ (Buy Order) များအတွက် AYA Trust မှ Customer ၏ ငွေလက်ကျန်ပမာဏများကို စစ်ဆေးပြီး လုံလောက်သောပမာဏ ရှိပါက AYA Trust မှ အမှာစာ ကို လက်ခံပေးမည်ဖြစ်ပါသည်။
- ✓ အရောင်းအမှာ (Sell Order) များအတွက်လည်း AYA Trust မှ Customer ၏ ရှယ်ယာ လက်ကျန်ပမာဏများကို စစ်ဆေးပြီး လုံလောက်သောပမာဏ ရှိပါက AYA Trust မှ အမှာစာ ကို တင်ပေးမည် ဖြစ်ပါသည်။

***မှတ်ချက်။ ။Order တင်ရာတွင် Market Order (ပေါက်ဈေးဖြင့် ဝယ်ယူလိုပါက) နှင့် Limit Order (ဈေးနှုန်းသတ်မှတ်ပြီးဝယ်ယူလိုပါက) ဟူ၍ (၂)မျိုးရှိရာ Market Order တင်မည်ဆိုပါက ဝယ် (သို့) ရောင်းလိုသည့် ဈေးနှုန်းကို ဖော်ပြရန်မလိုဘဲ၊ Limit Order မှသာလျှင် ဝယ် (သို့) ရောင်းမည့် ဈေးနှုန်းကို ဖော်ပြရမည်ဖြစ်ပါသည်။

မိမိဝယ်ယူလိုသည့် Order အရေအတွက်တင်ထားသော်လည်း အရောင်းအဝယ်ဖြစ်မြောက်သွားချိန်(Executed)တွင် ဈေးကွက်အနေအထားအရ Partially Executed ဖြစ်သွားနိုင်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

**AYA Trust သို့ ဖုန်းဖြင့်(သို့ )လာရောက် Order တင်နိုင်မည့်အချိန်**

- ✓ အပတ်စဉ် တနင်္လာနေ့ မှ သောကြာနေ့ - မနက် ၉ နာရီ မှ ညနေ ၄ နာရီ အထိ (အစိုးရရုံးပိတ်ရက်များမှအပ) Order တင်နိုင်မည်ဖြစ်ပါသည်။ နေ့လည် ၁ နာရီ နောက်ပိုင်း တင်သွင်းသော Order များသည် Off Market Order များအနေဖြင့် နောက်တစ်နေ့မနက် YSX ဖွင့်ချိန်တွင် ထည့်သွင်းဖော်ပြပေးသွားမည်ဖြစ်ပါသည်။

***မှတ်ချက်။ ။Online Trading Application အသုံးပြု၍ အမှာစာ (Order)တင်မည်ဆိုပါက မည့်သည့်အချိန်၊ မည်သည့်နေရာတွင်မဆို မိမိ၏ Login IDနှင့် Passwordတို့ ကို ဖြည့်စွက်၍ AYA Trust Online Trading Platform တွင် အမှာစာတင်နိုင်ပါသည်။

**Yangon Stock Exchange (YSX) မှ အရောင်းအဝယ်ပြုလုပ်ပေးမည့်အချိန် (Matching Time)**

- ✓ Yangon Stock Exchange မှ အရောင်းအမှာ နှင့် အဝယ်အမှာ များကို မနက် (၁၀)နာရီ၊ (၁၀)နာရီခွဲ၊ (၁၁) နာရီ၊ (၁၁)နာရီခွဲ၊ နေ့လည် (၁၂)နာရီ၊ (၁၂)နာရီခွဲ နှင့် (၁) နာရီ တို့တွင် စုစုပေါင်း ခုနစ်ကြိမ်တိတိ တိုက်ဆိုင်ပေးပြီး အရောင်းအဝယ်တချို့ကို ပြီးမြောက်စေမည်ဖြစ်ပါသည်။

**အရောင်းအဝယ်ပြုလုပ်ပြီးချိန်**

- ✓ ပြီးမြောက်သွားသောအမှာများ နှင့် တစ်ဝက်ပြီးမြောက်သောအမှာများ အား YSX၏ အရောင်းအဝယ်ပြုလုပ်ပေးမည့် နောက်တစ်ချိန် (next immediate matching time) တွင် ချက်ချင်းပြန်လည်အရောင်းအဝယ်ပြုလုပ်နိုင်မည်ဖြစ်ပါသည်။

- ✓ ပြီးမြောက်သွားသောအမှာများ နှင့် တစ်ဝက်ပြီးမြောက်သောအမှာများ အတွက် ငွေပေးချေခြင်း (Settlement) ကိုမူ Order ပြီးမြောက်ပြီး ၃ ရက်မြောက်နေ့ (T+3 day) များတွင် Yangon Stock Exchange ၏ ညွှန်ကြားချက်အတိုင်း ပြုလုပ်ပေးမည်ဖြစ်ပါသည်။
- ✓ Customer များသည် အရောင်းအဝယ်ပြုလုပ်ရာတွင် ရရှိလာမည့် ငွေများကို အရောင်းအဝယ်ဆက်လက်ပြုလုပ်မည်ဆိုပါက AYA Trust Account ထဲတွင် ဆက်လက်ထားရှိနိုင်မည်ဖြစ်ပြီး ၎င်းတို့၏ AYA Bank Account သို့ လွှဲမည်ဆိုပါက AYA Trust သို့ ညနေ ၂နာရီ မတိုင်မီ အကြောင်းကြားပေးရမည်ဖြစ်ပါသည်။

**စတော့ရှယ်ယာအရောင်းအဝယ်ပြုလုပ်ခြင်း**

Securities Account ပိုင်ရှင်များသည် စတော့ရှယ်ယာများကို အောက်ပါ နည်းလမ်းများဖြင့်စတင်အရောင်းအဝယ်လုပ်နိုင်မည်ဖြစ်သည်။

1. AYA Trust ရုံးချုပ်ကောင်တာများမှတစ်ဆင့်
2. တယ်လီဖုန်းမှတစ်ဆင့်
   Trading Hotline: 01 386255 ~ 58; 09 7878 777 02, 03, 05
   Enquiry Number: 01 386259 ~ 61
3. AYA Trust Online Application မှတစ်ဆင့် <online.ayatrustsc.com>

***မှတ်ချက်။ ။Online Trading Application အသုံးပြုပုံအဆင့်ဆင့်အား Application Manualတွင် ဖတ်ရှုနိုင်ပါသည်။

**AYAtrust Securities Company တွင် ဝန်ဆောင်မှုပေးမည့်အချိန်**

- ✓ မနက် ၉ နာရီ မှ ညနေ ၄ နာရီ အထိ (တနင်္လာနေ့ မှ သောကြာနေ့)

**စတော့ရှယ်ယာရောင်းချသူ၊ ဝယ်ယူသူများကျခံရမည့် စရိတ်များ**

စတော့ရှယ်ယာများ အရောင်းအဝယ်ပြုရာတွင် ရောင်းချသူ၊ ဝယ်ယူသူများထံမှ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM) မှ သတ်မှတ်ထားသော အောက်ပါနှုန်းထားများအတိုင်း ကောက်ခံသွားမည်ဖြစ်ပါသည်။

- ✓ ကော်မရှင်နှုန်းထားများ

| | |
|---|---|
| ၁ % | • ကျပ် ၁,၀၀၀,၀၀၀ နှင့်အောက် |
| ၀.၇၀ % | • ကျပ် ၁,၀၀၀,၀၀၁ မှ<br>• ကျပ် ၁၀,၀၀၀,၀၀၀ |
| ၀.၅၀ % | • ကျပ် ၁၀,၀၀၀,၀၀၁ မှ<br>• ကျပ် ၁၀၀,၀၀၀,၀၀၀ |
| ၀.၄၀ % | • ကျပ် ၁၀၀,၀၀၀,၀၀၁ နှင့်အထက် |

\+

တံဆိပ်ခေါင်းခွန်
၀.၁ % (အဝယ် အမှာ များသာ)

***မှတ်ချက်။ ။မည်သည့် AYA Bank ဘဏ်ခွဲများမှမဆို AYA Trust Securitiues Account ထဲသို့ ငွေလွှဲပြောင်းခြင်းများ အတွက် ငွေလွှဲခ (remittance) လုံးဝ ကောက်ခံမည်မဟုတ်ပါ။